မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
နေ့စဉ်ဈေးကွက်သတင်းလွှာ

October 29, 2025 Volume 95, Number 18

၂၉. ၁၀.၂၀၂၅

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = N/A |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၄၄၀.၇၃ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၆၂၀.၈၇ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၇၇၃.၅၈ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၈၄.၉၅ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၅.၇၆ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၃.၇၉ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၄၆.၆၄ ကျပ် |
| မလေးရှားရင်းဂစ် | = ၅၀၀.၈၉ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၅.၀၄ ကျပ် |

**CONTACT US**

ကုန်သွယ်မှုသတင်းအချက်အလက်နှင့် သုတသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၄
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁-၃၇၆၄၁၆

http://www.myantrade.gov.mm

## ပြည်ပမှ အထည်အမှာစာရရှိမှု ပြန်ကျဆင်း




ပြည်ပကနေ လက်ခစားကုန်အပ်စနစ်နဲ့ အထည်အမှာစာ အသစ်ရရှိမှုက အခုလထဲမှာ ပြန်လည်ကျဆင်းလာတယ်လို့ အထည်ချုပ်လုပ်ငန်းအသိုင်းအဝိုင်းက သိရပါတယ်။

အခု ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ၆ လတာကာလအတွင်း ပြည်ပကို အထည်ချုပ်တင်ပို့မှုက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ကာလတူနဲ့နှိုင်းယှဉ်ရင် ၉ ရာခိုင်နှုန်းတိုးတက်ခဲ့ရာကနေ အခုလပိုင်းမှာ အမှာစာသစ်ရရှိမှု ပြန်လည်ကျဆင်းလာတာဖြစ်တယ်လို့ အထည်ချုပ်လုပ်ငန်းရှင်တစ်ဦးက ပြောပါတယ်။

အခုအောက်တိုဘာနဲ့နိုဝင်ဘာလတွေအတွက် အထည်အမှာစာရရှိမှု ကျဆင်းနေပြီး ဒီဇင်ဘာလောက်မှာတော့ ပြန်တက်လာနိုင်ဖွယ်ရှိတယ်လို့ ဆိုပါတယ်။

အထည်ချုပ်လုပ်သားတွေကို လုပ်ခလစာတွေ တိုးပေးထားသလို သင်တန်းတွေပေးကာလုပ်ငန်းခွင်တွေမှာပြန်ခန့်တာတွေရှိတာကြောင့် လုပ်သားရှားပါးတဲ့ပြဿနာကိုလည်း အထိုက်အလျောက် ဖြေရှင်းထားနိုင်ပြီဖြစ်တယ်လို့ အထည်ချုပ်လုပ်ငန်းတွေဆီက သိရပါတယ်။

လက်ရှိမှာ အနွေးထည်၊ တီရှပ်နဲ့ဂျာကင်အထည်အမျိုးအစားတွေအတွက် အမှာစာသစ်တွေကျဆင်းနေတာဖြစ်ပါတယ်။ မြန်မာနိုင်ငံက အထည်ချုပ်လုပ်ငန်းတွေဟာ လက်ခစားကုန်အပ်စနစ် လုပ်ငန်းတွေ ဆောင်ရွက်နေတာပါ။

လက်ခစားကုန်အပ်စနစ်ဆိုတာ ပြည်ပကနေတင်သွင်းတဲ့ ကုန်ကြမ်းပစ္စည်းတွေကို ပြည်တွင်းမှာ ဖြတ်တောက်တာ၊ ချုပ်လုပ်တာ၊ ပြန်လည်ပြင်ဆင်တာစတဲ့ ပြန်လည်ပြင်ဆင်တဲ့ နည်းလမ်းတစ်မျိုးမျိုးနဲ့ ကုန်ကြမ်းပစ္စည်းတွေကို ကုန်ချောအဖြစ် ထုတ်လုပ်ပါတယ်။

အဲဒီနောက် ကုန်ချောတွေကိုထုပ်ပိုးကာ ပြည်ပကို ပြန်လည်တင်ပို့ပြီး လက်ခရယူဆောင်ရွက်တဲ့စနစ်ဖြစ်ပါတယ်။

လက်ရှိမှာ မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်းဝင် စက်ရုံပေါင်း ၅၀၀ ကျော်ရှိပြီး ၆၀ ရာခိုင်နှုန်းက ဥရောပ ဈေးကွက်၊ ၂၀ ရာခိုင်နှုန်းက ဂျပန်ဈေးကွက်နဲ့ ကျန် ၂၀ ရာခိုင်နှုန်းက တခြားဈေးကွက်တွေကို တင်ပို့နေတာဖြစ်တယ်လို့ သိရပါတယ်။

လာမဲ့ ၁၀ စုနှစ်အတွင်း မြန်မာ့အထည်ချုပ်လုပ်ငန်းဟာ လုပ်သားအင်အား ၁ ဒသမ ၂ သန်းကနေ ၁ ဒသမ ၆ သန်းအထိ ခန့်ထားပြီး အမေရိကန်ဒေါ်လာ ၁၅ ဘီလီယံတန်ကြေးရှိတဲ့ လုပ်ငန်းအဖြစ်ကြီးထွားလာမယ်လို့ မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်း (MGMA)ရဲ့ ၁၀ နှစ်တာ မဟာဗျူဟာအစီအစဉ် (၂၀၂၅-၂၀၃၄ )မှာ ဖော်ပြထားပါတယ်။

**Source : https://onenewstvchannel.com/**

## မကွေးပန်းစိုက်တောင်သူများ မိုးရွာသွန်းမှုများခဲ့၍ အရှုံးပေါ်



မကွေးတိုင်းဒေသကြီးအတွင်းမှာ အခုနှစ်အတွင်း မိုးရွာသွန်းမှုများတဲ့အတွက် ပန်းစိုက်တောင်သူတွေ အရှုံးပေါ်နေတယ်လို့ ပန်းစိုက်တောင်သူအချို့က ပြောပါတယ်။

မကွေးဒေသမှာ ဂန္ဓမာပန်းအပြင် ကြယ်တာရာပန်း၊ သစ္စာပန်း၊ သပြေပန်း၊ ရေမွှေးပန်း၊ မေမြို့ပန်း စတဲ့ပန်းတွေစိုက်ပျိုးကြတာပါ။ ဂန္ဓမာပန်းကိုတော့ အဓိကစိုက်ပျိုးကြပြီး ကြွေဖြူ၊ ရွှေဝါဝင်း၊ စံပယ်ဖြူ၊ ကျောက်စိမ်း၊ရွှေစိမ်း၊ မြစံပယ်ဖြူ စတဲ့ ဂန္ဓမာပန်း အမျိုးအစား ၁၄ မျိုးလောက် စိုက်ပျိုးကြပါတယ်။ ဂန္ဓမာပန်းစိုက်ရာမှာ ပျိုးပင်ခအပြင် စိုက်ပျိုးစရိတ်တွေလည်း ရှိတဲ့အတွက် ပန်းစိုက်တောင်သူတွေ ဆုံးရှုံးမှုများတယ်လို့ ဆိုပါတယ်။

ဂန္ဓမာပန်း ပြန်စိုက်ဖို့အတွက် ပျိုးပင်ကလည်း လိုသလောက် ဝယ်မရလို့ ဆုံးရှုံးမှုများတယ်လို့ ရေနံချောင်းမြို့နယ်က ပန်းနှင့် သီးပင်စားပင်စိုက်ပျိုးသူတစ်ဦးက ပြောပါတယ်။

ဂန္ဓမာပန်းတွေကို တောင်ကြီး၊ ပြင်ဦးလွင်ဘက်ကနေ ပျိုးပင်တွေ မှာယူစိုက်ပျိုးကြတာပါ။ မိုးများပြီး ချောင်းရေဝင်လို့ ပန်းခင်းတွေ၊ မြေပဲခင်းတွေအကုန်ရေမြုပ်ပြီးပျက်စီးကုန်တယ်လို့ မင်းဘူးမြို့နယ်က ပန်းစိုက်တောင်သူ တစ်ဦးက ပြောပါတယ်။

မကွေးတိုင်းဒေသကြီးအတွင်းမှာ ဂန္ဓမာပန်းတွေကို စက်တင်ဘာလကတည်းက စိုက်ပျိုးကြတာပါ။ တချို့ ရေလွတ်တဲ့နေရာတွေမှာတော့ ပန်းပင်တွေ သေဆုံးတာမရှိခဲ့ပေမဲ့ စိုက်ခင်းတော်တော်များများမှာ ရေနစ်မြုပ်ခဲ့တဲ့အတွက် အခုနှစ်မှာ ဂန္ဓမာပန်း ထွက်ရှိမှု လျော့နည်းနိုင်တယ်လို့ ပန်းစိုက်တောင်သူတွေက ပြောပါတယ်။

Source : https://onenewstvchannel.com/

## စားအုန်းဆီ ၂ ပိဿာ ၅၀ ကျပ်သားကို ကျပ် ၂၀,၀၀၀ ကျော်ဖြင့် ဖုန်းဆက်မှာယူနိုင်



စားသုံးသူဈေးကွက်အတွင်းစားအုန်းဆီ၂ ပိဿာ ၅၀ ကျပ်သားကို ကျပ် ၂၀,၀၀၀ ကျော်ဖြင့် ဖုန်းဆက်မှာယူနိုင်ကြောင်း သိရသည်။

ယခုရက်ပိုင်းတွင်စားအုန်းဆီတစ်ပိဿာကိုလက်ကားရည်ညွှန်းဈေး ကျပ် ၆၅၆၅ ဖြင့်ရောင်းချရန်သတ်မှတ်ထားပြီးအောက်တိုဘာလ ၃၀ ရက်အထိ ရန်ကုန်တိုင်းဒေသကြီးအတွင်း ရောင်းချပေးမည်ဖြစ်သည်။

မြို့နယ်အလိုက် ကျပ် ၂၂,၀၀၀ ကျော်မှ  ကျပ် ၂၃,၀၀၀ ကျော်ဖြင့် ရောင်းချမည်

ဖြစ်ပြီး စားအုန်းဆီဈေးကစားသူများကို တည်ဆဲဥပဒေအရအရေးယူမည်ဖြစ်ကြောင်း သိရသည်။

စားအုန်းဆီမှာယူလိုသူများအနေဖြင့် မြန်မာနိုင်ငံဆီကုန်သည်နှင့်ဆီလုပ်ငန်းရှင်များအသင်းမှ ဖော်ပြထားသည့် ဖုန်းနံပါတ်များကိုဆက်သွယ်မှာယူနိုင်ကြောင်း သိရသည်။

**Source : Popular News Journal**

## ရွှေတောင်မြို့နယ်၌ စိုက်ပျိုးထားသည့် မိုးစပါး ၅၈,၁၆၃ ဧက အောင်မြင်ဖြစ်ထွန်း



ပဲခူးတိုင်းဒေသကြီး ရွှေတောင်မြို့နယ်တွင် လယ်ယာစိုက်ပျိုးရေးကို အဓိကဆောင်ရွက်လျက်ရှိရာ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် မိုးစပါးစိုက်ပျိုးရာသီတွင် စပါးမျိုးကောင်း မျိုးသန့်တိုးပွားစေရန်နှင့် ဆန်စပါးဖူလုံစေရန် ရည်ရွယ်၍ယခုနှစ်တွင် မိုးစပါး ၅၈,၁၆၃ ဧက လျာထားစိုက်ပျိုးရာ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ရွှေတောင်မြို့နယ်၌ ယခုနှစ်မိုးစပါးစိုက်ပျိုးရာသီတွင် မော်ဘီ(၂)၊ ရတနာတိုး၊ ဗီယက်နမ်၊ ရက် ၉၀ စသည့် စပါးမျိုးများကို ပျိုးထောင်စိုက်ပျိုးခြင်း၊ မျိုးစေ့ချကိရိယာ (Drum Seeder)ဖြင့်စိုက်ပျိုးခြင်း၊ ကောက်စိုက် စက်/ လက်ဆွဲကောက်စိုက်စက်ဖြင့် စိုက်ပျိုးခြင်းတို့ဆောင်ရွက်သည်။

ရွှေတောင်မြို့နယ် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းကြီးကြပ်မှုကော်မတီမှ မိုးစပါးပန်းတိုင် အထွက်နှုန်း ရရှိနိုင်ရေးအတွက် စိုက်ပျိုးနည်းစနစ်သင်တန်းများဖွင့်လှစ်ခြင်း၊ ကွင်းသရုပ်ပြသခြင်း၊ သွင်းအားစုများ ပံ့ပိုးပေးခြင်း၊ သဘာဝမြေသြဇာနှင့် ဓာတ်မြေသြဇာရောစပ်ကြဲပက်ခြင်း၊ စပါးအထွက်နှုန်း တိုးတက်မြင့်မားစေရန် တောင်သူများအား နည်းပညာပေးခြင်း၊ လယ်ယာကဏ္ဍသီးနှံစိုက်ပျိုးထုတ်လုပ်မှု မြင့်မားတိုးတက်စေရန်၊ အရည်အသွေးကောင်းမွန်စေရန်၊ မိုးစပါးစိုက်ပျိုးထုတ်လုပ်ရာတွင် စီးပွားရေးအရတွက်ခြေကိုက်သည့်အထွက်နှုန်းမြင့်မားပြီး အရည်အသွေးကောင်းမွန်သော မျိုးကောင်းမျိုးသန့် စပါးမျိုးများအား တောင်သူများ ပိုမိုကျယ်ပြန့်စွာ စိုက်ပျိုးသွားနိုင်ရန်ရည်ရွယ်၍ ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

Source : https://www.myawady.net.mm/

## ဆန်ကွဲB(1,2)ဈေးကျ၍ ဧည့်မထဆန်ဈေးမြင့်တက်ကာ ပေါ်ဆန်မွှေးဆန်၊ ဆန်ကွဲB(2,3,4)နှင့်ဖွဲနုဈေးတို့တည်ငြိမ်လျက်ရှိ

ပဲခူးတိုင်းဒေသကြီးအနေဖြင့် ဆန်မျိုးစုံရောင်းဝယ်မှုအပိုင်းကဏ္ဍတွင် ကုန်ကြမ်းအနည်းအများ၊ ရန်ကုန်ဝယ်လက်နှင့် သုံးစွဲသူတို့၏ ဝယ်လိုအားအနည်းအများအပေါ်တွင် မူတည်၍ ဆန်နှင့်ဆန်ကွဲ၊ ဖွဲနုဈေးများ အတက်အကျ ဖြစ်ပေါ်လျက်ရှိသည်။

ပဲခူးကုန်စည်ဒိုင်အနေဖြင့် ၂၀.၁၀.၂၀၂၅ ရက်နေ့တွင် ဧည့်မထဆန် (မနောသုခ)(ဟောင်း) တစ်အိတ် ၆၀,၀၀၀ကျပ်၊ ဧည့်မထဆန်(မနောသုခ)(သစ်)တစ်အိတ် ၄၅,၀၀၀ကျပ် ၊ပေါ်ဆန်းမွှေးဆန် တစ်အိတ် ၁၁၀,၀၀၀ကျပ်၊ ဆန်ကွဲB(1,2)တစ်အိတ် ၄၅,၀၀၀ကျပ်၊ ဆန်ကွဲB(2,3,4) တစ်အိတ် ၄၀,၀၀၀ကျပ်နှင့် ဖွဲနုတစ်အိတ် ၂၂,၈၀၀ကျပ်တို့ဖြင့် အရောင်းအဝယ် ဖြစ်ခဲ့သည်။

၂၇.၁၀.၂၀၂၅ ရက်နေ့တွင် ဧည့်မထဆန်(မနောသုခ)(ဟောင်း)တစ်အိတ် ၆၅,၀၀၀ကျပ်၊ ဧည့်မထဆန်(မနောသုခ) (သစ်) တစ်အိတ် ၄၈,၀၀၀ကျပ် ၊ ပေါ်ဆန်းမွှေးဆန်တစ်အိတ် ၁၁၀,၀၀၀ကျပ်၊ ဆန်ကွဲB(1,2)တစ်အိတ် ၄၃,၀၀၀ကျပ်၊ ဆန်ကွဲB(2,3,4) တစ်အိတ် ၄၀,၀၀၀ကျပ်နှင့် ဖွဲနုတစ်အိတ် ၂၈၀၀၀ကျပ်တို့ဖြင့် အရောင်း အဝယ်ဖြစ်လျက်ရှိသည်။

ယခုတစ်ပတ်ကာလတူနိုင်းယှဉ်ချက်အရ ဆန်ကွဲB(1,2)တစ်အိတ်၂၀၀၀ကျပ်ဈေးကျ၍ ဧည့်မထဆန်(မနောသုခ) (ဟောင်း) တစ်အိတ် ၅၀၀၀ကျပ်၊ ဧည့်မထဆန်(မနောသုခ)(သစ်)တစ်အိတ် ၃၀၀၀ ကျပ်တို့ဖြင့် ဈေးများမြင့်တက်ကာ ပေါ်ဆန်းမွှေးဆန်၊ ဆန်ကွဲB(2,3,4)နှင့် ဖွဲနုဈေးများ တည်ငြိမ် လျက်ရှိသည်။

ဆန်ကွဲB(1,2)ဈေးကျဆင်းသွားခြင်းမှာ ကုန်ကြမ်းများပြီးဝယ်လိုအားနည်းခြင်းကြောင့် ဈေးကျဆင်းသွားခြင်းဖြစ်ပြီး ဧည့်မထဆန်(မနောသုခ)(ဟောင်း)နှင့်ဧည့်မထဆန်(မနောသုခ)(သစ်) ဈေးမြင့်တက်သွားခြင်းမှာ ကုန်ကြမ်းနည်းပြီး ဝယ်လိုအားများခြင်းကြောင့် ဈေးမြင့်တက်သွားခြင်း ဖြစ်ကြောင်း ပဲခူးကုန်စည်ဒိုင်ဥက္ကဋ္ဌထံက သိရသည်။

Source : ပဲခူးတိုင်းဒေသကြီးဦးစီးမှူးရုံး

## ကမ္ဘောဒီးယားနှင့်မလေးရှားတို့သည် စားနပ်ရိက္ခာဖူလုံရေးနှင့်မြှင့်တင်ရေးအတွက် စိုက်ပျိုးရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု အားကောင်းလာ



ကမ္ဘောဒီးယားစိုက်ပျိုးရေးဝန်ကြီးDith Tina သည် မလေးရှား နိုင်ငံဒုတိယဝန်ကြီး Datuk Dr Abdul Rahman Junaidi နှင့် ကမ္ဘောဒီးယားနှင့်Sarawak ပြည်နယ်အကြား ပူးပေါင်းဆောင်ရွက် ရေးနှင့် ကုန်သွယ်မှုအခွင့်အလမ်းများကို ဆွေးနွေးခဲ့ကြသည်။

ကမ္ဘောဒီးယားနှင့်မလေးရှားနိုင်ငံတို့သည် စားနပ်ရိက္ခာဖူလုံရေး နှင့်ဈေးကွက်ချဲ့ထွင်ရေးတို့ကို အဓိကထား၍ စိုက်ပျိုးရေးကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်မှုကိုတိုးမြှင့်လုပ်ဆောင်ရန်ကတိပြုခဲ့ကြသည်။

ဝန်ကြီး Tina သည် Sarawak ပြည်နယ်၏ စားနပ်ရိက္ခာ ထောက်ပံ့မှုကိုမြှင့်တင်ရန် ကမ္ဘောဒီးယား ဆန်နှင့်အသားထွက် ကုန်များတင်သွင်းနိုင်ခြေကို Sarawak ပြည်နယ်၏ စိတ်ဝင်စားမှုကိုကြိုဆိုကြောင်း၊ ကမ္ဘောဒီးယား၏ လယ်ယာလုပ်ငန်းနှင့် ပို့ကုန်များတွင် အလားအလာကောင်းများနှင့်နှစ်နိုင်ငံအတွက် အားသာချက်များကို အလေးပေးပြောကြားခဲ့သည်။

ဆန်စပါးထုတ်လုပ်မှုနှင့် ကုန်သွယ်မှု အားကောင်းစေရန်၊ လယ်ယာတန်ဖိုးကွင်းဆက်များတွင် ရေရှည်ပူးပေါင်းဆောင်ရွက် မှုများဖွံ့ဖြိုးတိုးတက်စေရန်နှင့်စီးပွားရေးချိတ်ဆက်မှုများအဆင်ပြေချောမွေ့စေရန်သဘောတူညီချက်များရယူခဲ့သည်။

ကမ္ဘောဒီးယားသည် Sarawak ပြည်နယ်သို့ စိုက်ပျိုးရေးထွက်ကုန်များ ထောက်ပံ့ပေးရန်နှင့် ၎င်း၏ စိုက်ပျိုးရေးကဏ္ဍတွင် မလေးရှားရင်းနှီးမြှုပ်နှံမှုကို ထောက်ပံ့ရန် အဆင်သင့်ရှိနေကြောင်း Dith Tina က ထပ်လောင်း ပြောကြားခဲ့ကြောင်း သိရသည်။

**Source: Khmer Times**

**DOCA(**ရန်ကုန်)

## ဒုတိယအကြိမ်မြောက် ဂျိုဟိုး-စင်ကာပူ အထူးစီးပွားရေးဇုန် ပူးတွဲရင်းနှီးမြှုပ်နှံမှုဖိုရမ်ကျင်းပ

ဒုတိယအကြိမ်မြောက် ဂျိုဟိုး-စင်ကာပူအထူးစီးပွားရေးဇုန် ပူးတွဲရင်းနှီးမြှုပ်နှံမှုဖိုရမ်ကို ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၁၄ ရက်နေ့က စင်ကာပူမြို့တွင် ကျင်းပခဲ့သည်။

ဖိုရမ်သို့စင်ကာပူနိုင်ငံနှင့် မလေးရှားနိုင်ငံတို့မှ စီးပွားရေးလုပ်ငန်းရှင်များ၊ ရင်းနှီးမြှုပ်နှံသူများ၊ မူဝါဒချမှတ်သူများ၊ ပညာရေး ကဏ္ဍမှပညာရှင်များ ၉၀၀ ကျော်တက်ရောက်ခဲ့ပြီးနယ်စပ်ဖြတ်ကျော်စီးပွားရေးချိတ်ဆက်မှု၊ ကုန်စည်ထောက်ပံ့ပေးသွင်းမှု ကွင်းဆက်ခိုင်မာအားကောင်းစေရေး၊ ဖွံ့ဖြိုးမှုအတွက် အခွင့်အလမ်းအသစ်များဖန်တီးခြင်းစသည်တို့နှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့သည်။

ဖိုရမ်တွင် စင်ကာပူနိုင်ငံဒုတိယဝန်ကြီးချုပ်နှင့် ကုန်သွယ်ရေးနှင့်စက်မှုဝန်ကြီးဌာန ဝန်ကြီး Gan Kim Yong က “ဂျိုဟိုး –

စင်ကာပူအထူးစီးပွားရေးဇုန်မှာ စင်ကာပူနိုင်ငံနှင့် မလေးရှားနိုင်ငံတို့၏ စီးပွားရေး ခိုင်မာအားကောင်းစေရေးအတွက် အဓိကကျသည့် တည်နေရာတွင်ရှိနေကြောင်း၊ ဂျိုဟိုး – စင်ကာပူအထူးစီးပွားရေးဇုန်နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးခဲ့သည့် ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလမှစ၍ စင်ကာပူအခြေစိုက်ကုမ္ပဏီများသည် ဂျိုဟိုးပြည်နယ်တွင် စင်ကာပူဒေါ်လာ ၅ ဒသမ ၅ ဘီလီယံကျော် ရင်းနှီးမြှုပ်နှံရန် စီစဉ်လျက်ရှိကြောင်း၊ အဓိကစီမံကိန်းများကို အလေးပေးဆောင်ရွက်ခြင်း၊ စီးပွားရေးလုပ်ငန်းလုပ်ကိုင်ရာတွင် ပိုမိုလွယ်ကူချောမွေ့စေခြင်း၊ အားလုံးပါဝင်နိုင်သည့် အထူးသဖြင့် အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများနှင့် အလုပ်သမားများအတွက် ဖွံ့ဖြိုးမှုရရှိစေခြင်းစသည်တို့ကို အလေးပေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း” ပြောကြားခဲ့သည်။

Enterprise Singapore ၏ ဥက္ကဋ္ဌ Mr. Lee Chuan Teck က “ဂျိုဟိုး – စင်ကာပူအထူးစီးပွားရေးဇုန်သည် ကမ္ဘာ့ရင်းနှီးမြှုပ်နှံသူများအကြား ဒေသတွင်း၏ အရေးပါမှုကိုမြှင့်တင်နိုင်မည်ဖြစ်ပြီး ဂျိုဟိုး – စင်ကာပူဒေသအတွင်း၌ လုပ်ငန်းချဲ့ထွင်ရန်အတွက် ကုမ္ပဏီများကို ဆွဲဆောင်နိုင်မည်ဖြစ်ကြောင်း၊ စီးပွားရေးလုပ်ငန်းဆောင်ရွက်ရာတွင် လွယ်ကူချောမွေ့စေရန်နှင့် စွမ်းဆောင်ရည်တိုးတက်စေရန်အတွက် စဉ်ဆက်မပြတ်ထောက်ပံ့ပေးရန် လိုအပ်ကြောင်း၊ ဒေသတွင်း၏ အလားအလာရှိမှုကို ဖော်ထုတ်ရန်နှင့် ဖွံ့ဖြိုးမှုကိုအားပေးရန်၊ ပုဂ္ဂလိကကဏ္ဍနှင့် ကုန်သွယ်ရေးအဖွဲ့အစည်းများနှင့် ဆက်လက် ပူးပေါင်း ဆောင်ရွက်မှုကို အားပေးရန် လိုအပ်ကြောင်း” ပြောကြားခဲ့သည်။

ဂျိုဟိုး–စင်ကာပူအထူးစီးပွားရေးဇုန် ပူးတွဲရင်းနှီးမြှုပ်နှံမှုဖိုရမ်သည် စီးပွားရေးအခွင့်အလမ်းများကို ပုံဖော်ရန်၊ ဈေးကွက်အသစ်များရှာဖွေရန်နှင့် မဟာဗျူဟာကျသည့်ရင်းနှီးမြှုပ်နှံမှုများကိုအားပေးရန်စသည်တို့ကိုဆောင်ရွက်နိုင်မည့်စင်္ကြံတစ်ခုဖြစ်သည်။

**Source : Ministry of Trade and Industry**

**(သွယ်သွယ်ဆုတင်၊ စီးပွားရေးသံမှူး၊ စင်ကာပူမြို့)**

## လိုင်စင်ရခရီးသွားအေဂျင်စီများနှင့်သာ ခရီးသွားဆိုင်ရာကိစ္စရပ်များဆောင်ရွက်ကြရန် စင်ကာပူခရီးသွားလုပ်ငန်းဘုတ်အဖွဲ့ အကြံပြု

လိုင်စင်ရခရီးသွားအေဂျင်စီများနှင့်သာ ခရီးသွားဆိုင်ရာကိစ္စရပ်များအတွက် ငွေပေးချေခြင်းများဆောင်ရွက်ကြရန် စင်ကာပူခရီးသွားလုပ်ငန်းဘုတ်အဖွဲ့က အကြံပြုထားသည်။

Mr. Lim Yin Shoon ၊ I–Travel Pte. Ltd နှင့် Like Travel Pte. Ltd တို့သည် လေယာဉ်လက်မှတ်၊ ကားလက်မှတ်၊ ခရီးသွားနေရာများသို့ ဝင်ခွင့်လက်မှတ်၊ ဟိုတယ်အခန်းငှားရမ်းခြင်းစသည့် ခရီးသွားဆိုင်ရာအမျိုးအစားများ(travel products)ကို ဆောင်ရွက်ပေးမည်ဟု ကမ်းလှမ်းမှုကြောင့် စင်ကာပူခရီးသွားလုပ်ငန်းဘုတ်အဖွဲ့က သတိထားမိခြင်းဖြစ်ပြီး အဆိုပါကုမ္ပဏီ ၂ ခုနှင့် လူပုဂ္ဂိုလ်တို့သည် လိုင်စင်ရ ခရီးသွားလုပ်ငန်းအေးဂျင့်များ မဟုတ်ကြောင်းနှင့် လက်ရှိတွင် စုံစမ်းစစ်ဆေးလျက်ရှိကြောင်း စင်ကာပူခရီးသွားလုပ်ငန်းဘုတ်အဖွဲ့က သတင်းထုတ်ပြန်ထားသည်။

လိုင်စင်မရှိဘဲ ခရီးသွားလုပ်ငန်းအေးဂျင့် လုပ်ကိုင်ပါက ခရီးသွားလုပ်ငန်းအေးဂျင့်များအက်ဥပဒေ ၁၉၇၅(the Travel Agents Act 1975)၏ ပုဒ်မ ၆(၂)အရ ပြစ်မှုမြောက်ပြီး ငွေဒဏ်စင်ကာပူဒေါ်လာ ၂၅,၀၀၀ သို့မဟုတ် ထောင်ဒဏ် ၂ နှစ် သို့မဟုတ် ငွေဒဏ်နှင့်ထောင်ဒဏ် ၂ ရပ်လုံးကျခံရမည်ဖြစ်သည်။

ခရီးသွားများအနေဖြင့် TRUST ဝက်ဆိုဒ်ရှိ Travel Agents directory မှတစ်ဆင့် လိုင်စင်ရခရီးသွားလုပ်ငန်းအေးဂျင့်များကို သိရှိနိုင်မည်ဖြစ်သည်။

**Source : စင်ကာပူခရီးသွားလုပ်ငန်းဘုတ်အဖွဲ့**

**သွယ်သွယ်ဆုတင်၊ စီးပွားရေးသံမှူး၊ စင်ကာပူမြို့**

# STOCK EXCHANGE (29.10.2025)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Stock trading data

## Stock trading data

As of 29th Oct. 2025

### Total Trading [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 5,314 (Shares) | 16,408,350 (MMK) |

### Stock trading

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,600 | +0 | +0.00% | 8,600 | 8,600 | 8,400 | 74 | 632,000 | 33,109,694 | 284,743 |
| MTSH | 00002 | 3,500 | +50 | +1.45% | 3,500 | 3,500 | 3,400 | 3,658 | 12,572,650 | 38,929,150 | 136,252 |
| MCB | 00003 | 8,000 | +200 | +2.56% | 8,000 | 8,000 | 8,000 | 1 | 8,000 | 10,400,986 | 83,208 |
| FPB | 00004 | 2,200 | -100 | -4.35% | 2,100 | 2,250 | 2,100 | 312 | 664,200 | 29,664,613 | 65,262 |
| TMH | 00005 | 2,850 | +0 | +0.00% | 2,850 | 2,850 | 2,850 | 200 | 570,000 | 12,823,224 | 36,546 |
| EFR | 00006 | 1,800 | -50 | -2.70% | 1,800 | 1,850 | 1,800 | 1,049 | 1,893,500 | 19,977,223 | 35,959 |
| AMATA | 00007 | 3,500 | +0 | +0.00% | 3,500 | 3,500 | 3,500 | 10 | 35,000 | 10,497,598 | 36,742 |
| MAEX | 00008 | 3,300 | +0 | +0.00% | 3,300 | 3,300 | 3,300 | 10 | 33,000 | 23,804,946 | 78,556 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Market summary


## Market summary

As of 29th Oct. 2025

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 401.48 | +0.03 | +0.01% | 398.81 | 401.48 | 395.05 | 5,314 | 16,408,350 | 8 | 757,268 |

### Index chart




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 1:00 p.m., 29th Oct. 2025

| Trading Volume | Trading Value |
|---|---|
| 5,327 (Shares) | 16,444,100 (MMK) |

## Main Board

As of 1:00 p.m., 29th Oct. 2025

### Total Trading (MB) [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 5,314 (Shares) | 16,408,350 (MMK) |

| MYANPIX | 401.48 ▲0.03 |
|---|---|
| Total Volume (shares) | 5,314 |
| Total Value (MMK) | 16 mil |
| Listed Company | 8 |
| Market Cap. (MMK) | 757,268 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,600 | ▲0 |
| MTSH | 00002 | 3,500 | ▲50 |
| MCB | 00003 | 8,000 | ▲200 |
| FPB | 00004 | 2,200 | ▼100 |
| TMH | 00005 | 2,850 | ▲0 |
| EFR | 00006 | 1,800 | ▼50 |
| AMATA | 00007 | 3,500 | ▲0 |
| MAEX | 00008 | 3,300 | ▲0 |